# (၂၄) နှစ်မြောက် ကယန်းအမျိုးသားနေ့ အားဂုဏ်ပြုကြိုဆိုခြင်း

၁။ ယနေ့ဧပြီလ (၁၀) ရက်နေ့ ၂၀၂၄ ခုနှစ်တွင် ကျရောက်သည့် (၂၄) နှစ်မြောက် ကယန်းအမျိုးသားနေ့သည် ကယန်းတစ်မျိုးသားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သည့် နေ့ထူးနေ့မြတ်ဖြစ်ပြီး ထိုနေ့သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ အပြန်အလှန်ယုံကြည်ခြင်းနှင့် လူမျိုးစုအပေါ်ထားရှိသော မျိုးချစ်စိတ်စေတနာ၊ စုပေါင်း အင်အားတို့ဖြင့် အတူရှိရပ်တည်ခဲ့မှုကို ပြသနိုင်ခဲ့သော နေ့ဖြစ်ပါသည်။ ယနေ့ကျရောက်သည့် (၂၄) နှစ်မြောက် ကယန်းအမျိုးသားနေ့အချိန်အခါသမယတွင် မြန်မာနိုင်ငံ အပါအဝင်နိုင်ငံတကာ၌ရောက်ရှိနေထိုင်နေကြသော ကယန်းအမျိုးသမီး၊ အမျိုးသားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာလုံခြုံ၍ ဘေးရန်အပေါင်းမှကင်းကွာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

၂။ ကယန်းလူမျိုးများသည် မြန်မာ့မြေပေါ်တွင် အခြားတိုင်းရင်းသားလူမျိုးများနှင့်အတူ ရှေးယခင်ကတည်းက ယခုအချိန်အထိ တစ်သွေးတစ်သားတည်းရှိကာ တကွအေးအတူပူအမျှ နေထိုင်လျက်ရှိသော မြန်မာ့တိုင်းရင်းသားလူမျိုးစုဝင်တစ်စုဖြစ်သည့်နှင့်အညီ ယခုနွေဦးတော်လှန်ရေးတွင်လည်း စစ်အာဏာရှင်စနစ်ဆိုးကို လက်တွဲညီညီ တော်လှန်တိုက်ထုတ်နေသည့် ညီနောင်တော်လှန်ရေးအင်အားစုအားလုံးနှင့်အတူ ကယန်းတိုင်းရင်းသားများ၏ ပါဝင်မှုသည် ကြီးမားသောအင်အားတစ်ရပ် ဖြစ်စေသောကြောင့် ကယန်းတိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများကို ကျေးဇူးအထူးတင်ရှိပါသည်။

၃။ ထို့အတူ စစ်ကောင်စီ၏ အကြမ်းဖက်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း စစ်မှန်သော လွတ်လပ်မှု၊ တရားမျှတမှုတို့အတွက် ယနေ့ထိတိုင် ကိုယ်ကျိုးကိုမကြည့်ဘဲ တိုင်းပြည်အတွက် စွန့်လွှတ် အနစ်နာခံ ကာ တိုက်ပွဲဝင်နေကြသော ကယန်းလူမျိုးများ၏ တော်လှန်ရေးသမိုင်းသည် ကမ္ဘာတည်သရွေ့ တည်တံ့နိုင်မြဲနေမည်မှာ မုချကေန်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဤ (၂၄) နှစ်မြောက် ကယန်းအမျိုးသားနေ့ နေ့ထူးနေ့မြတ်အခါသမယတွင် ယခင်ထက်ပိုမိုသော စည်းလုံးညီညွတ်မှုများ၊ အပြန်အလှန်နားလည်မှုများ တည်ဆောက်နိုင်ကာ ကယန်းတိုင်းရင်းသားများအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းနေကြသည့် စစ်အာဏာရှင်များအမြန်ဆုံးအဆုံးသတ်နိုင်ရေးနှင့် ငြိမ်းချမ်းသာယာသော အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နိုင်ရေးတွင် ခွန်အားသစ်၊ စိတ်သစ်များဖြင့် ဆက်လက်ပါဝင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။